## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် ( ၁၈ / ၂၀၁၈ )

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၂၀/၂၀၁၈) အား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၈) အပါအဝင် ရက်သတ္တပတ်အတွင်း **နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၁) ခု၊ အတည်ပြုလုပ်ငန်း (၄)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အဆိုပြုလုပ်ငန်း(၁)ခု၊ အတည်ပြုလုပ်ငန်း (၂) ခု၊ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုလုပ်ငန်း (၁) ခုနှင့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁) ခုခွင့်ပြုခဲ့ပြီး ဖြစ်ပါသဖြင့် ယခုအစည်းအဝေးကာလ အတွင်း စုစုပေါင်းလုပ်ငန်း (၅)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၂၇၁.၉၉၉) သန်းကို ခွင့်ပြု/အတည်ပြုပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ **ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၃၉၂၄) ဦး** ကိုဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်း(၅)ခုမှာ စက်မှုကဏ္ဍမှ (၄) ခု နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍမှ (၁) ခု ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၇ ရက်နေ့အထိ **နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု** ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၃၈) ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၆၆၀.၈၁၁) သန်းဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း** အပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၇၄၂.၃၅၃) သန်းဖြစ်ပါသည်။

**အထူး စီးပွားရေးဇုန် ဥပဒေအရ** ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ ဒီဇင်ဘာလ (၇) ရက်နေ့ အထိ စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၄၇.၅၄၀) သန်း ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ ဒီဇင်ဘာလ (၇) ရက်နေ့ အထိ **စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပမာဏ** အမေရိကန်ဒေါ်လာ (၇၈၉.၈၉၃) သန်း ဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၈) အပါအဝင် ရက်သတ္တပတ်အတွင်း **မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၁) ခု၊ အတည်ပြုလုပ်ငန်း (၉) ခုနှင့် စုစုပေါင်းလုပ်ငန်း (၁၀) ခုခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အဆိုပြုလုပ်ငန်း(၁) ခု၊ အတည်ပြုလုပ်ငန်း (၁)ခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁) ခု၊ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုလုပ်ငန်း (၃) ခု၊ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြု

Email: dica@mptmail.net.mm
Website: www.dica.gov.mm

လုပ်ငန်း (၁) ခု နှင့် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုလုပ်ငန်း (၃)ခု ရှိပါသဖြင့် ယခုအစည်းအဝေးကာလအတွင်း စုစုပေါင်း လုပ်ငန်း (၁၀)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၇.၃၉၄) သန်းအပါအဝင် ကျပ် (၄၁,၄၃၃.၈၆၅) သန်းခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ **ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁၂၃၉) ဦး** ကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြု လုပ်ငန်း(၁၀)ခုမှာ စက်မှုကဏ္ဍ (၁) ခု၊ ဟိုတယ်နှင့်ခရီးသွား ကဏ္ဍ (၃) ခု၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ (၁) ခု၊ လျှပ်စစ်ဓာတ်အားကဏ္ဍ (၂) ခု နှင့် သတ္တုကဏ္ဍ(၃) ခု တို့ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၇ ရက် နေ့အထိ **မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု** ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၃၉) ခု၊ အမေရိကန်ဒေါ်လာ (၉၆.၅၀၄) သန်းအပါအဝင် ကျပ် (၂၈၃,၁၅၂.၀၀၃) သန်းဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း** အပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၉၇.၀၄၄) သန်း အပါအဝင် ကျပ် (၂၈၄,၀၃၉.၃၄၃) သန်းဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm